#၃ လူသားများအတွက် ဘုရားသခင်၏အစီအစဉ်
ကမ္ဘာဦးကျမ်း ၂း၄-၁၇
ဘုရားသခင်နှင့်လူသားများအကြားမှာဆက်သွယ်မှု

* ဘဝအသက်တာကို စက်ရုပ်များ၊ တိရစ္ဆာန်များမဟုတ်ရင် ကောင်းကင်တမန်တို့နှင့်ပိုပြီးလွယ်ကူပါ့မလား။

ဘုရားသခင်နှင့်ရင်းနှီးမှုသည် လူသားတို့၏အမြင့်မြတ်ဆုံးသော ပျော်ရွှင်မှုဖြစ်၏။ ထိုနည်းတူ ဤရင်းနှီးမှုပျောက်ကွယ်ခြင်းသည်သူ (ဘုရားသခင်)၏ အကြီးမားဆုံးသော ကျိုန်ဆဲခြင်းဖြစ်၏။

**က။ လူသား၊ဖန်ဆင်းခြင်း မပြုခင်မှာပြင်ဆင်မှု (ကမ္ဘာဦးကျမ်း ၂ း ၄-၆)**

ဤအကြောင်းအရာကား ထာဝရအရှင်ဘုရားသခင်သည်
ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောနေ့ ဖန်ဆင်းရာကာလ၌
ကောင်းကင်နှင့်မြေကြီး၏ မူလအတ္တုပ္ပတ္တိပေတည်။
(ကမ္ဘာဦးကျမ်း ၂း၄)

**ကမ္ဘာဦးကြီး၏ မျိုးရိုးစဉ်ဆိုင်ရာ အကြမ်းမျဉ်းဖော်ပြချက်များ**

| | |
|---|---|
| ၁ း ၁-၂ း၃ | ပဏာမအကြောင်းအရာ |
| ၂ း ၄-၄ း၂၆ | အာဒမ်၏ သားစဉ်မြေးဆက် |
| ၆ း ၉-၉ း၂၉ | နောဧ၏ သားစဉ်မြေးဆက် |
| ၁၀ း ၁-၁၁ း၁၉ | နောဧသားများ၏သားစဉ်မြေးဆက် |
| ၁၁ း ၁၀ -၂၆ | ရှေမ၏ သားစဉ်မြေးဆက် |
| ၁၁ း ၂၇-၂၅ း၁၁ | တေရ၏သားစဉ်မြေးဆက် |
| ၂၅ း ၁၂ -၁၈ | ဣရှမေလ၏ သားစဉ်မြေးဆက် |
| ၂၅ း ၁၉ -၃၅ း ၂၉ | ဣဇာက်၏သားစဉ်မြေးဆက် |
| ၃၆ း ၁ -၃၇ း ၁ | ဧသော၏သားစဉ်မြေးဆက် |
| ၃၇ း ၂ -၅၀ း ၂၆ | ယောသပ်၏သားစဉ်မြေးဆက် |

**ကမ္ဘာမြေကြီးပြင်ဆင်မှု**

- မှတ်တမ်းတင်ချက်ဆယ်ချက်များထဲမှ ပထမအစပြုခြင်း
  "ဤမှတ်တမ်းတင်များ၏ ----" တူညီသော ဟေဗြဲစကားလုံး (Totedot)
- သခင်ဘုရား Yahweh

***တည်နေရာပြင်ဆင်မှု (ကမ္ဘာဦးကျမ်း ၂ း ၅-၆)**

မြေ၌လယ်ယာပျိုးပင် မပေါက်မီ၊ လယ်ယာ၌ စပါးပင်မကြီးပွါးမီ၊ အပင်ရှိသမျှတို့ကို ဖန်ဆင်းတော်မူ၏။ ထိုအခါထာဝရအရှင်ဘုရားသခင်သည် မြေပေါ်၌ မိုးကိုရွာစေတော်မမူသေး။ မြေ၌လုပ်သောသူလည်း မရှိသေးသည် ဖြစ်၍၊ မြေမှအခိုးအငွေ့ထွက်သဖြင့် မြေတစ်ပြင်လုံးကို စိုစေလေ၏။ (ကမ္ဘာ ၂ း ၅-၆)

- မြေကြီးပေါ်မှာ စားလို့ရသောသစ်သီးမရှိသေးပါ။
- အပင်များ ပေါက်ဖွားခြင်းမရှိသေးပါ။
- လယ်ယာစိုက်ပျိုးသူမရှိသေးပါ။

၁။ လူသားဖန်ဆင်းခြင်း (ကမ္ဘာ ၂း၇, ၁ း ၂၆–၂၇)

ထို့နောက် ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည်အသက်ရှင်သော သတ္တဝါဖြစ်လေ၏။ (ကမ္ဘာ ၂ း ၇)

- Yahweh ဘုရားကလူကိုဖန်ဆင်းခြင်း
- အသက်မှုတ်သွင်းခြင်း
- ဘုရားသခင်က လူ့အသွင်သဏ္ဍာန်ပြုလုပ်ခြင်း
- မြေမှုန့်အားဖြင့် လူဖြစ်လာခြင်း
- ဘုရား၏ပုံသဏ္ဍာန်

* ကမ္ဘာ၊ ၁း၂၆–၂၇ ''ဘုရားသခင်၏ ပုံသဏ္ဍာန်''

တစ်ဖန်ဘုရားသခင်က၊ ငါတို့ ပုံသဏ္ဍာန်နှင့်တစ်ညီ၊ တစ်သဏ္ဍာန်တည်းလူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုငှင်၊ မြေတစ်ပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွားတတ်သောတိရစ္ဆာန် အပေါင်းတို့ကိုငှင်၊ အုပ်စိုးစေ ဟုအမိန့်တော်ရှိ၏။ ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူယောက်ျား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင် အချင်းတို့များပြားစွာ မွေးဖွားကြလော့။ (ကမ္ဘာ၊ ၁း၂၆–၂၇)

* အပြင်ပိုင်းဆိုင်ရာ ဘုရားသခင်၏ သဏ္ဍာန်ဆောင်ခြင်း

- စကားပြောရန်၊ တွေးတောကြံစည်နိုင်ရန်အစွမ်းအစ
- လူကိုဘုန်းအသရေအားဖြင့် ဖုံးလွှမ်းထားခြင်း

* အကျင့်တရားနှင့်ပတ်သက်သောမေးခွန်း၊ ကိုယ်တုံးလုံး (အဝတ်ဗလာ)နှင့်နေတာမှားသလား၊ ဘာကြောင့်လဲ။

- သာ၍မြင့်မားသော သဏ္ဍာန်ဖြစ်သည့် အာရုံခံစားနိုင်မှု
  (ချီးမွမ်းကိုးကွယ်ခြင်းနှင့်ဘုရားသခင်ကို သတိရအောက်မေ့)
- ကိုယ့်ကိုကိုယ်နားလည်သဘောပေါက်ခြင်း (မှတ်ဉာဏ်နှင့်ဆက်စပ်မှု)
- အကျင့်တရားကို ဂရုစိုက်ခြင်း (တရားမျှတမှုကိုအာရုံပြုတတ်သောအသိတရား)
- ဖန်တီးတတ်သော (အသုံးခံတန်ဆာပလာနှင့်ပုံစံပြုလုပ်ခြင်း)
- အနာဂတ်အကြောင်းအရာ အာရုံပြုခြင်း
  (သေပြီးနောက်အသက်တာဘဝကို ဂရုစိုက်နားလည်သဘောပေါက်ခြင်း)

* အကျင့်တရားနှင့်ပတ်သက်သောမေးခွန်း

- အသက်ကိုဘယ်အချိန်မှာအစပြုပြီး ဘယ်အချိန်မှာ အဆုံးသတ်တာလဲ။

၈။ လူကိုဖန်ဆင်းခြင်း၏ ရည်ရွယ်ချက် (ကမ္ဘာ၊ ၂း၈–၁၇)

ထိုအခါ ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ၊ စားသောနေ့တွင် ကေန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။

ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း၊ သူနှင့်တော်သော် အထောက်အမကို သူ့အဖို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့် မိုးကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီးလျှင်၊ လူသည်အဘယ်သို့ခေါ်ဝေါ်သမုတ်မည်ကို သိခြင်းငှါ၊ လူရှိရာသို့ဆောင်ခဲ့တော်မူ၏။ လူသည်လည်း အသက်ရှင်သောသတ္တဝါအပေါင်းတို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း၊ နာမည်အသီးသီးရှိကြ၏။ (ကမ္ဘာ ၂ း ၁၅ –၁၉)

* ဒေင်ဥယျာဉ် (ကမ္ဘာ ၂ း ၈ – ၂၄)
    - အသက်ပင်
    - တားမြစ်ထားခြင်း

* အာဒံ၏အခေါ်ခံခြင်း ( ၂ း ၁၆ –၁၇)
    - ပိုင်ဆိုင်သောသူဖြစ်ခြင်း၊
    - တာဝန်ရှိသောသူဖြစ်ခြင်း၊
    - ရွေးချယ်မှု
    - ဤအပင်အားဖြင့် ဥယျာဉ်ကိုပြည့်စုံစေနိုင်မည်လား။
    - ဘာကြောင့်ထိုအပင်ကိုဘုရားသခင်ထားခဲ့တာလဲ။

**အကျဉ်းချုပ်**

ဘုရားသခင်နှင့်ကိုယ်ပိုင်ဆက်စပ်မှုပြုဆောင်ခြင်းသည် ပုံမှန်ဖြစ်ပြီး ကျွန်ုပ်တို့အတွက် အရေးကြီးသောကောင်းကျိုးဖြစ်ပါသည်။ ဘာကြောင့်လဲဆိုရင် ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်ရန်လူကို ပုံသွင်းထားခဲ့သည်။ သူ၏လိုအင်ဆန္ဒအတိုင်း ကျေနပ်ရောင့်ရဲမှုသည် အကောင်းဆုံးသောအရာဖြစ်၏။

**ဆွေးနွေးရမည့်မေးခွန်းများ**

(၁) လူသား၏ရည်ရွယ်ချက်ကို သင်ဘယ်လိုဖွင့်ဆိုရမလဲ။

(၂) ဘုရားသခင်၏ တားမြစ်ခြင်းကို သင်ကြည့်မြင်ပါသလား။
အကောင်းမြင်ခြင်း သို့မဟုတ် အဆိုးမြင်ခြင်း၊ ဘာကြောင့်လဲ။

(၃) သင်၏အသက်တာမှာကြုံခဲ့ဖူးတဲ့ စမ်းစစ်ခြင်းကိုတစ်ခုလောက် ပြောပြနိုင်မည်လား။ ဘာလက္ခဏာအားဖြင့် စမ်းစစ်ခဲ့တာလဲ။ သင်ဘယ်လိုလုပ်ခဲ့တာလဲ။